# TMH Telecom Public Company Limited ၏ ၂၀၂၄ ခုနှစ် မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် (၂၀၂၃-၂၄) ခုနှစ် ဘဏ္ဍာနှစ်အပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်ကို ထုတ်ပြန်ကြေငြာခြင်း

အောက်ဖော်ပြပါ သုံးသပ်ချက်များသည် TMH Telecom Public Company Limited ၏ ၂၀၂၄ ခုနှစ်၊ မတ်လ(၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် (၂၀၂၃-၂၄) ဘဏ္ဍာနှစ်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်ကို အခြေခံထားသော သုံးသပ် ထုတ်ပြန်ချက် ဖြစ်သဖြင့် ထိုဘဏ္ဍာရေးရှင်းတမ်းများနှင့်အတူ ယှဉ်တွဲ၍ ဖတ်ရှုနိုင်ပါသည်။

ငွေကြေးဖော်ပြချက်အားလုံးကို မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

**အနှစ်ချုပ်တင်ပြချက်များ**

**ကုမ္ပဏီ၏ ဝင်ငွေရှင်းတမ်း အကျဉ်းချုပ်ဖော်ပြချက်(ကျပ်ထောင်ပေါင်း)**

| | ဧပြီလ ၂၀၂၃ မှ မတ်လ ၂၀၂၄ | ဧပြီလ ၂၀၂၂ မှ မတ်လ ၂၀၂၃ | ပြောင်းလဲမှု % |
|---|---|---|---|
| ဝင်ငွေ | ၇,၂၅၁,၄၄၂ | ၄,၂၉၇,၈၈၀ | ၆၉% |
| ရောင်းကုန်တန်ဖိုး | (၅,၁၃၇,၃၉၉) | (၂,၂၈၁,၆၀၁) | ၁၂၅% |
| **အကြမ်းအမြတ်** | **၂,၁၁၄,၀၄၃** | **၂,၀၁၆,၂၇၉** | **၅%** |
| အခြားရငွေ | ၃၂၀,၇၂၇ | ၃၆၂,၀၂၀ | -၁၁% |
| အသုံးစရိတ်များ | (၂,၃၀၆,၁၉၆) | (၂,၂၈၄,၂၀၃) | ၁% |
| အစုစပ်ကုမ္ပဏီမှ (အရှုံး)/အမြတ် | ၇၆,၈၁၅ | ၉၂,၀၂၉ | -၁၇% |
| **အခွန်မလျာမီ အသားတင် (အရှုံး)/အမြတ်** | **၂၀၅,၃၈၉** | **၁၈၆,၁၂၅** | **၁၀%** |
| ဝင်ငွေခွန် | (၂၁,၈၅၈) | (၁၅,၉၉၆) | ၃၇% |
| **အခွန်လျာပြီး အသားတင် (အရှုံး)/အမြတ်** | **၁၈၃,၅၃၁** | **၁၇၀,၁၂၉** | **၈%** |
| အခြားဝင်ငွေအလုံးစုံ | | | |
| ရင်းနှီးမြှုပ်နှံမှုအတွက် ကာလပေါက်ဈေး ညှိနှိုင်းခြင်း | ၉,၂၄၀ | (၁,၁၅၅) | |
| **စုစုပေါင်းဝင်ငွေအလုံးစုံပါဝင်သော (အရှုံး)/အမြတ်** | **၁၉၂,၇၇၁** | **၁၆၈,၉၇၄** | **၁၄%** |
| ရှယ်ယာတစ်စုဝင်ငွေ (ကျပ်) | ၁၄ | ၁၃ | ၈% |

**Address : No.18/A, Koh Min Koh Chin Road, Bahan Township, Yangon**
**Phone : +951 552100,552101**
**Website: www.tmhtelecom.com**

ယခု(၂၀၂၃-၂၀၂၄) ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ၏ဝင်ငွေသည် ကျပ်ငွေ (၇.၂၅)ဘီလီယံရရှိခဲ့ပြီး၊ ယခင်ဘဏ္ဍာနှစ်(၂၀၂၂-၂၀၂၃)မှ ရရှိသည့် ကျပ်ငွေ (၄.၂၉)ဘီလီယံနှင့် နှိုင်းယှဉ်ပါက (၆၉) ရာခိုင်နှုန်း တိုးတက်လာသည်ကို တွေ့ရှိရပါသည်။

ကုန်ကြမ်းတန်ဖိုးများ မြင့်တက်လာခြင်းနှင့် ငွေကြေးလဲလှယ်နှုန်းအပြောင်းအလဲကြောင့် ရောင်းကုန်တန်ဖိုးသည် ယခင်(၂၀၂၂-၂၃)ဘဏ္ဍာနှစ်တွင် ကျပ်ငွေ(၂.၂၈)ဘီလီယံသာ ရှိခဲ့ရာမှ ယခုနှစ်တွင် ကျပ်ငွေ(၅.၁၄)ဘီလီယံအထိ တိုးမြင့်လာခဲ့သည်။

ကုမ္ပဏီ၏ အကြမ်းအမြတ်သည် (၂၀၂၂-၂၃)ဘဏ္ဍာနှစ်တွင် ကျပ်ငွေ(၂.၀၂)ဘီလီယံ ရရှိခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် ကျပ်ငွေ(၂.၁၁)ဘီလီယံသို့ တိုးတက်လာခဲ့ပါသည်။ မိုဘိုင်းစီမံကိန်းလုပ်ငန်းနှင့်စပ်လျဥ်း၍ ရရှိလာသော ကုမ္ပဏီ၏အခြားဝင်ငွေသည် ယခုဘဏ္ဍာနှစ်တွင် ကျပ်ငွေ(၀.၃၂)ဘီလီယံထိ ရရှိခဲ့ပါသည်။

ကုမ္ပဏီ၏ အစုစပ်ကုမ္ပဏီတခုဖြစ်သည့် Myanmar GT Broadband Co., Ltd ၏ ပြင်ပစာရင်းစစ်မှ စီစစ်ထားခြင်း မရှိသေးသည့် (၂၀၂၃-၂၄) ဘဏ္ဍာနှစ်အတွက် ခွဲဝေအမြတ်ငွေ (၀.၀၈) ဘီလီယံ ရရှိခဲ့ပါသည်။

ကုမ္ပဏီသည် ယခင်ဘဏ္ဍာနှစ်တွင် အမြတ်ကျပ်ငွေ (၀.၁၇) ဘီလီယံသာရရှိခဲ့သော်လည်း ယခု (၂၀၂၃-၂၄) ဘဏ္ဍာနှစ်တွင် အမြတ် ကျပ်ငွေ (၀.၁၈) ဘီလီယံအထိ တိုးမြင့်လာခဲ့ပြီး အခွန်လျာထားပြီး အသားတင်အမြတ်ရရှိငွေသည် (၈)ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုတန်ဖိုးကို သတ်မှတ်ရာတွင် ကုမ္ပဏီ၏ First Myanmar investment Co., Ltd (FMI)မှ ဝယ်ယူထားသော အစုရှယ်ယာများကို မြန်မာနိုင်ငံစာရင်းကိုင်စံသတ်မှတ်ချက်များကိုလိုက်နာပြီး ရပိုင်ခွင့်များကို ယခုဘဏ္ဍာနှစ် စာရင်းပိတ်ချိန်ရှိ အစုရှယ်ယာဈေးကွက်တွင် ဖော်ပြထားသည့် ဈေးနှုန်းနှင့်အညီ တန်ဖိုးပြန်လည် သတ်မှတ်ထားခြင်း ဖြစ်ပါသည်။

ရှယ်ယာတစ်စု၏ဝင်ငွေသည် ယခင်(၂၀၂၂-၂၃)ဘဏ္ဍာနှစ်တွင် (၁၃)ကျပ် ရရှိခဲ့ရာမှ ယခုဘဏ္ဍာနှစ်(၂၀၂၃-၂၄) တွင် (၁၄)ကျပ် ရရှိခဲ့ပါသည်။

**ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း အကျဉ်းချုပ်ဖော်ပြချက်(ကျပ်ထောင်ပေါင်း)**

| | ဧပြီလ ၂၀၂၃ မှ မတ်လ ၂၀၂၄ | ဧပြီလ ၂၀၂၂ မှ မတ်လ ၂၀၂၃ | ပြောင်းလဲမှု % |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ | ၂,၅၇၀,၅၈၀ | ၂,၄၅၂,၅၇၆ | ၅% |
| လက်ငင်းရပိုင်ခွင့်များ | ၁၂,၈၁၀,၉၄၆ | ၁၄,၅၁၄,၀၉၀ | -၁၂% |
| **စုစုပေါင်း ရပိုင်ခွင့်များ** | **၁၅,၃၈၁,၅၂၆** | **၁၆,၉၆၆,၆၆၆** | **-၉%** |
| **ရင်းနှီးငွေနှင့်ပေးရန်တာဝန်များ** | | | |
| ရင်းနှီးငွေ | ၁၄,၁၂၁,၇၇၅ | ၁၃,၉၁၄,၄၀၉ | ၁% |
| လက်ငင်းပေးရန်တာဝန်များ | ၁,၂၅၉,၇၅၂ | ၃,၀၅၂,၂၅၈ | -၅၉% |
| **စုစုပေါင်းရင်းနှီးငွေနှင့်ပေးရန်တာဝန်များ** | **၁၅,၃၈၁,၅၂၆** | **၁၆,၉၆၆,၆၆၆** | **-၉%** |

**Address : No.18/A, Koh Min Koh Chin Road, Bahan Township, Yangon**
**Phone : +951 552100,552101**
**Website: www.tmhtelecom.com**

လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများနှင့် ပတ်သတ်၍ ကန်ထရိုက်တာများထံသို့ ကြိုတင်ပေးချေထားသော ငွေများသည် စီမံကိန်းများ ပြီးစီးသည့်အချိန်တွင် စရိတ်အဖြစ်သို့ ပြောင်းလဲပြီး စာရင်းရေးသွင်းရခြင်းကြောင့် ကုမ္ပဏီ၏ လက်ငင်းရပိုင်ခွင့်များသည် ယခု (၂၀၂၃-၂၄)ဘဏ္ဍာနှစ်တွင် ကျပ်ငွေ(၁၂.၈၁)ဘီလီယံသာ ရှိခဲ့ပြီး ယခင် (၂၀၂၂-၂၃) ဘဏ္ဍာနှစ်ထက် (၁၂)ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ အစုစပ်ကုမ္ပဏီ၏ အမြတ်ခွဲဝေမှုကြောင့် လက်ငင်းမဟုတ်သော ရပိုင်ခွင့်သည် ယခုဘဏ္ဍာနှစ် (၂၀၂၃-၂၄)တွင် ယခင်ဘဏ္ဍာနှစ်ထက် (၅)ရာခိုင်နှုန်း တိုးတက်လာခဲ့ပါသည်။

စီမံကိန်းများ ပြီးစီးသည့်အချိန်တွင် ဝင်ငွေအဖြစ်သို့ ပြောင်းလဲစာရင်းရေးသွင်းခဲ့ရခြင်းကြောင့် ကုမ္ပဏီ၏ လက်ငင်းပေးရန်တာဝန်များသည် ယခင်(၂၀၂၂-၂၃) ဘဏ္ဍာနှစ်တွင် ကျပ်ငွေ(၃.၀၅ )ဘီလီယံရှိရာမှ ယခု(၂၀၂၃-၂၄) ဘဏ္ဍာနှစ်တွင် ကျပ်ငွေ (၁.၂၆) ဘီလီယံသို့ လျော့နည်းသွားပါသည်။

**သုံးသပ်ချက်နှင့်အလားအလာ**

တီအမ်အိတ်ချ် တယ်လီကွမ်း အများနှင့် သက်ဆိုင်သော ကုမ္ပဏီ၏ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် တင်ပြလိုသည်မှာ ကုမ္ပဏီသည် ယခင် (၂၀၂၂-၂၀၂၃) ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက (၂၀၂၃-၂၀၂၄) ဘဏ္ဍာနှစ်တွင် ဝင်ငွေ ၆၉ ရာခိုင်နှုန်း တိုးလာခြင်း ၊ အခွန်လျာထားပြီး အသားတင်အမြတ်ငွေသည် (၈)ရာခိုင်နှုန်းတိုးလာခြင်း ကို တွေ့ရှိရပါသည်။

ကျွန်ုပ်တို့သည် ရလဒ်ကောင်းများ ရရှိစေရန်အတွက် ဈေးကွက်သစ်များချဲ့ထွင်ခြင်း၊ ဆုံးရှုံးနိုင်ချေများကို စောင့်ကြည့်လေ့လာခြင်း နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ကိစ္စရပ်များတွင် တာဝန်ရှိသူများနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။ ထို့ကြောင့်ပင် ယခင်ဘဏ္ဍာနှစ်နှင့်နှိုင်းယှဉ်ပါက ယခု ဘဏ္ဍာနှစ်တွင် ပိုမိုကောင်းမွန်သော ရလဒ်ကောင်းများ ကိုရရှိခဲ့ပါသည်။

ကုမ္ပဏီ၏ စီမံခန့်ခွဲမှု အဖွဲ့အနေဖြင့် ကျွန်ုပ်တို့သည် စီးပွားရေးရပ်ဝန်းကို စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုခြင်း၊ အခြားသော စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ ပိုမိုရရှိစေရန် ကြိုးပမ်းခြင်းဖြင့် ကျွန်ုပ်တို့နှင့် အကျိုးသက်ဆိုင်သူများ အားလုံး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း တင်ပြလိုပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

သီဟာလွင်

အုပ်ချုပ်မှုဒါရိုက်တာ

၂၀၂၄ခုနှစ်၊ ဇွန်လ (၂၈) ရက်။

Address : No.18/A, Koh Min Koh Chin Road, Bahan Township, Yangon
Phone : +951 552100,552101
Website: www.tmhtelecom.com